## "သမုဒယနွယ်တစ်နွယ်"

ကဗျာနုနု
တနုနုနဲ့ သူ့ရင်ခုန်သံ
ဆောင်းခတ်သံလေးနားမှာလျှံ
စကားသံလေးတိုးမွှမွှ
အယုအယပိုပို
သမုဒယချိုချိုနဲ့
အခုမှကို ပိုပိုချစ်
ကြာလေကြာလေ
တရစ်ရစ်တိုးတဲ့နွယ်တစ်ခွေ။



## "ကောင်းခြင်း ဆိုးခြင်း"

အချစ်ရေ
ကောင်းသောစစ်ပွဲမရှိသလို
ဆိုးသော ငြိမ်းချမ်းရေးဆိုတာ မရှိပါဘူး။
ကောင်းသော အသည်းကွဲခြင်းမရှိသလို
ဆိုးသော မင်္ဂလာပွဲဆိုတာ မရှိပါဘူး
ကိုယ်နဲ့မင်းဟာ
ကောင်းသောငြိမ်းချမ်းမှုတွေနဲ့
ကောင်းသောဆုံစည်းခြင်းတွေကြားမှာ
ကောင်းသော မင်္ဂလာပွဲလေး ကျင်းပကြမယ်
တစ်နေ့နေ့မှာပေါ့ကွယ်။

